# ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းမှ လူငယ်များ



ဆောက်လုပ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အန္တရာယ်ရှိသည့် လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်ပြီး လုပ်ကိုင်ရသည့် အလုပ်အများစုမှာလည်း ၁၈နှစ်အောက် ရှိနေသူများအတွက် အန္တရာယ်များလွန်းလှပါသည်။ သို့ရာတွင် ဆောက်လုပ်ရေး လုပ်ငန်းခွင်အမျိုးအစားအပေါ် မူတည်ပြီး အသက်၁၄ နှစ် သို့မဟုတ် ၁၄နှစ်နှင့်အထက် ရှိနေသည့် လူငယ်များ အန္တရာယ်ကင်းစွာ လုပ်ကိုင်နိုင်သည့် အချို့အလုပ်များလည်းရှိပါသည်။ ယေဘုယျ စည်းမျဉ်း တစ်ချို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

## ၁။ မည်သည့်အလုပ်သည် လူငယ်များနှင့် သင့်တော်ပြီး မည်သည့်အလုပ်သည်လူငယ်များနှင့် သင့်တော်မှုမရှိဟု ဆုံးဖြတ်ပါ။

**ဥပမာ-**

(က) ကျွမ်းကျင်မှု စွမ်းရည်သစ်များ သင်ယူနိုင်ရန် ဘေးအန္တရာယ်ကင်းရှင်းသည့် အခွင့်အလမ်းများ ပေးစွမ်းနိုင်သည့် အလုပ်(သင့်တော်သည်)၊

(ခ) ရိုးရှင်းသည့် လုပ်ငန်းတာဝန်များ၊ ထမင်းကျွေး၊လဘက်ရည်တိုက်၊ လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ် (သင့်တော်သည်)၊

(ဂ) လက်တွန်းလှည်း သို့မဟုတ် ပစ္စည်းသယ်လှည်းသုံးပြီး လက်သုံး ကိရိယာများ၊ ပစ္စည်းများအား သယ်ယူခြင်း (မလေးလံသည့် ပစ္စည်းများ) (သင့်တော်သည်)၊

(ဃ) အသက်ရှူကိရိယာ (အန္တရာယ်ရှိ ဓာတုပစ္စည်းများ) သို့မဟုတ် အန္တရာယ်ကာ မျက်မှန်(ဂဟေဆက်) အသုံးပြုလုပ်ကိုင်ရန် လိုအပ်သည့် အလုပ်(မသင့်တော်)၊

(င) မိမိခန္ဓာကိုယ် အလေးချိန် ၂၀ရာခိုင်နှုန်းထက်ပိုသည့် ကုန်ပစ္စည်းများကိုတွန်းခြင်း၊ ဆွဲခြင်း၊ မတင်ခြင်း များလုပ်ဆောင်ရန် ပါဝင်သည့် အလုပ်များ(မသင့်တော်)၊

(စ) အဖုံးအကာ မရှိသည့်မြေတူးထားသည့်နေရာများ၊ ယန္တရားကြီးများ သို့မဟုတ် ဖုန်ထူသော လေရှိနေသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်ရသည့် အလုပ်(မသင့်တော်)၊

(ဆ) လူငယ်များအနေဖြင့် အန္တရာယ်ရှိ ကိရိယာများ မောင်းနှင်လုပ်ကိုင်ရသည့် အလုပ်(မသင့်တော်)၊

(ဇ) လူငယ်များအနေဖြင့် အမြင့်မှမကျစေရန် အကာကွယ်ပေးသည့် စနစ်မရှိဘဲ အမြင့်တက် လုပ်ကိုင်ရသည့် အလုပ်(မသင့်တော်)၊

## ၂။ ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်ဖြစ်အောင် ဆောင်ရွက်ထားပါ။

(က) လက်သုံးကိရိယာများ၊ လက်နက်တန်ဆာပလာများ အားလုံးသည် ကောင်းမွန်မှု ရှိ၊ မရှိ မကြာခဏ စစ်ဆေးပေးပါ။

(ခ) ကုန်များ၊ပစ္စည်းများအား အန္တရာယ်ကင်းစွာ သိုလှောင်ထားရှိပါ။

(ဂ) (သစ်၊ ကျောက်၊ ဘိလပ်မြေ) ပစ္စည်းများအား သယ်ယူ ရွှေ့ပြောင်းရန် လက်သုံးကိရိယာများထုတ်ပေးပါ။ လေးလံသည့် ပစ္စည်းများအား လူငယ်နှင့် ကလေးငယ်များကို သယ်ခိုင်းစေခြင်းမပြုရ။

(ဃ) မြေတူးထားသည့် နေရာများ၊ လှေခါး၊ ငြမ်း၊ ကြမ်းနှင့် နံရံများရှိ အပေါက်နေရာများတွင် အကာရံ တန်းများ တပ်ဆင်ထားရှိပါ။

(င) ခလုတ်တိုက် လဲစေသည့်အရာများ မရှိစေရန် လုပ်ငန်းခွင်အား သန့်ရှင်း သပ်ရပ်စွာထားပါ။

(စ) အခွင့်ရှိသူများသာ ဝင်ထွက်နိုင်ရေး ဝင်၊ ထွက် ကန့်သတ်ထားပါ။

(ဆ) လူတိုင်း မြင်သာသည့်နေရာတွင် နှောင့်အယှက်ခွင့်မပြုသည့် မူဝါဒအား ရေးသားဖော်ပြထားပါ။ အဆိုပါ မူဝါဒအား စည်းကြပ်ဆောင်ရွက်ပါ။

## ၃။ လေ့ကျင့်သင်ကြားမှုနှင့် ကြီးကြပ်မှုပေးပါ။

(က) ပစ္စည်းများအား မည်သို့ မှန်ကန်စွာမရမည် သို့မဟုတ် လက်သုံးကိရိယာများ၊ လက်နက်တန်ဆာပလာများအား မည်သို့ ဘေးကင်းစွာ အသုံးပြုရမည်ကဲသို့သော ၎င်းတို့၏ အလုပ်၏ အစိတ်အပိုင်းဖြစ်သည့် နေ့စဉ်လုပ်ငန်းများအား လုပ်ကိုင်နိုင်ရန် သင့်အား လေ့ကျင့်သင်ကြားပေးရမည်။

(ခ) သင့်အား မည်သည့်အရာများက အန္တရာယ်ရှိသည်ကို ပြသပေးရမည်ဖြစ်ပြီး အနီးကပ်ကြီးကြပ်ပေးရမည်လည်း ဖြစ်ပါသည်။

(ဂ) အသက် ၁၈ နှစ်အောက်များအတွက် သင့်လျော်မှု မရှိသည့်အလုပ်များတွင် သင့်အား မည်သည့်အခါမျှ လုပ်ကိုင်ခွင့် မပြုရပါ။

## ၄။ ဥပဒေကိုသိပါ၊ ဥပဒေအတိုင်း လိုက်နာလုပ်ကိုင်ပါ။

မြန်မာနိုင်ငံမှ ဥပဒေများသည် လူငယ်အလုပ်သမားများအား အကာအကွယ်ပေးထားပါသည်။ အလုပ်ရုံများဥပဒေ(ပြင်ဆင်)အရ အားကို အသုံးပြု၍ဖြစ်စေ အသုံးမပြုဘဲဖြစ်စေ လုပ်သား ၅ ယောက်နှင့် အထက် လုပ်ကိုင်နေသည့် ပြုလုပ်မှုလုပ်ငန်းစဉ် နေရာများသည် အကျုံးဝင်ပါသည် (ပုဒ်မ ၂ (ထ))။ အဆိုပါ အလုပ်ရုံများဥပဒေသည် လူရွယ်နှင့် ကလေးများနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်းတားမြစ်ထားပါသည်-

(က) ကလေးငယ်၏ ကျန်းမာရေး၊ ပညာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်စီးစေမည့်အလုပ်၊ သို့မဟုတ် ခေါင်းပုံဖြတ်ခံရမည့် အလုပ်၊(ပုဒ်မ ၇၅)

(ခ) ထိခိုက်ဒဏ်ရာရရှိစေနိုင်မည့် ကြီးမားလေးလံသည့် ကုန် ပစ္စည်းများအားသယ်ခြင်း သို့မဟုတ် ပြောင်းရွှေ့ခြင်း၊ (ပုဒ်မ ၃၆)၊

(ဂ) အလုပ်ချိန်ကြာမြင့်ခြင်း (တစ်နေ့ ၄နာရီထက်ကျော်လွန်) သို့မဟုတ် ညဖက်ခိုင်းစေခြင်း၊ (ပုဒ်မ ၇၉)

(ဃ) ဆရာဝန်၏ အလုပ်လုပ်ကိုင်ရန် သင့်တော်ကြောင်း လက်မှတ်မပါဘဲလုပ်ကိုင်ခြင်း (ပုဒ်မ ၇၇)

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အရ အန္တရာယ်ရှိသည့် အလုပ်အဖြစ် အောက်ပါအတိုင်း အဓိပ္ပါယ်သတ်မှတ်သည့်အပေါ် ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်- ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာရေး သို့မဟုတ် အကျင့်စာရိတ္တ ပျက်စီးစေနိုင်သည့် အလုပ်များတွင် အသက် ၁၈ နှစ်အောက် မည်သူကိုမျှမခိုင်းစေရ။

## ဘေးအန္တရာယ်ကင်းရှင်းရေး

**ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းရှိ လူငယ်အလုပ်သမားများအတွက် အကြီးမားဆုံး အန္တရာယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) ပြုတ်ကျခြင်း
တွင်း၊ အပေါက်ထဲ သို့မဟုတ် မြင့်မားသည့်နေရာမှ ပြုတ်ကျခြင်း(နံရံ၊ လှေခါး၊ ငြမ်း၊အမိုး)

(၂) ရိုက်မိထိမိခြင်း
ယဉ်တစ်စီးစီးဖြင့် တိုက်မိခြင်း သို့မဟုတ် သူတို့အပေါ် တစ်ခုခုပြုတ်ကျထိမိခြင်း (လက်သုံးကိရိယာ၊ သစ်လုံး၊ ကျောက်ခဲ)

(၃) အပူ
ရေမသောက်ရဘဲ၊ နားချိန်မရဘဲ ပူပြင်းသည့် နေရောင်အောက်တွင် အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း၊

(၄) ဓါတ်လိုက်ခြင်း
အမြင့်မှ သွယ်တန်းထားသည့် ဓါတ်ကြိုးများ အနားတွင် အလုပ်လုပ်ခြင်း သို့မဟုတ် မြေစိုက်ကြိုးမချသည့် လျှပ်စစ်လက်သုံးကိရိယာများ အသုံးပြုခြင်း၊

**လူငယ်အလုပ်သမားများအတွက် ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းရှိ အခြား အန္တရာယ်များနှင့် ၎င်းတို့အား မည်သို့ ဖြေရှင်းဆောင်ရွက်ရမည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| | |
|---|---|
| **ပြုတ်ကျခြင်း** | • <u>လှေကား</u> မတက်မီ လှေကားများသည် ခိုင်မာပြီး တည်ငြိမ်မှု ရှိ၊ မရှိ အမြဲစစ်ဆေးရန်နှင့် လှေ ကားအား လက်(၂)ဖက်ဖြင့် အမြဲကိုင်ထားရန် လူငယ်များကို ပြောပါ။<br>• <u>လျှောက်လမ်း</u> လမ်းလျှောက်ရန်နှင့် အလုပ်လုပ်ရန် နေရာများအားလုံးကို လုပ်ငန်းသုံးပစ္စည်းများ၊ အကျိုးအပဲ့များ မရှိစေရန် ရှင်းလင်းဖယ်ရှားထားပါ၊ ကြိုးများ၊ ရေပိုက်များအား မသုံးချိန်တွင် လိပ်ပြီး သေသေချာချာ သိမ်းဆည်းထားပါ။<br>• <u>ငြမ်း</u> အကာမပါသည့် ငြမ်းတွင် လူငယ်များအား အလုပ်မလုပ်ပါစေနှင့်။<br>• <u>အဝတ်အစား</u> လူငယ်များအား ရှူးဖိနပ်စီးရန် ဖြစ်နိုင်ပါက ချော်မကျစေသည့် ရော်ဘာဆိုးပြားတတ် ရှူးဖိနပ်ကို စီးရန်ညွှန်ကြားထားပါ။<br>• <u>အပြုအမူ</u> လူငယ်များအား လေးလွန်းသည့် အရာများအား သယ်မခြင်း မပြုရန် ညွှန်ကြားထားပါ။ |
| **(အကြောတင်)ဒဏ်** | • <u>မခြင်း လူငယ်များအား ဘေးကင်းစွာ မသည့်နည်းလမ်းကို သင်ကြားပေးပါ။</u><br>■ ပစ္စည်းအား မရန်ဆောင့်ကြောင့်ထိုင်ပါ။ သင့်ခါးကို မသုံးဘဲ ခြေထောက်ကြွက်သားအားကို အသုံးပြုလျက် ပစ္စည်းအား မပါ။<br>■ သင့်ကိုယ်ရှေ့တွင် ပစ္စည်းအား ဆုပ်ကိုင်ထားပါ။<br>■ သင့်ခြေထောက်များကို ရွှေ့ပြီး လှည့်ပါ။ သင်ခန္ဓာကိုယ် ကို မလိမ်မိ ပါ စေနှင့်။<br>• <u>သယ်ခြင်း</u><br>လူငယ်များ အနေဖြင့် လက်တွန်းလှည်းများကို သုံးပြီး ပစ္စည်းများကို သယ်မခြင်းပြု၊ မပြုနှင့် လူကြီးအလုပ်သမားများက လေးလံသည့် ပစ္စည်းများအား သယ်မခြင်း ရှိ၊ မရှိ စောင့်ကြည့်ပေးပါ။ (လူငယ်များ၏ အရိုးများသည် ဖွံ့ဖြိုးနေဆဲ ဖြစ်သဖြင့် အလွယ်တကူ ဒဏ်ရာရရှိနိုင်ပါသည်။) |

| | |
|---|---|
| **ထိခိုက်ဒဏ်ရာ ရရှိခြင်း** | • <u>ယာဉ်များ</u><br>ထရပ်ကားများ၊ ထရက်တာများ သို့မဟုတ် အခြားယာဉ်များအား လူငယ်များကို မောင်းနှင်ခွင့်မပြုပါနှင့်။ ယန္တရားကြီးများ အလုပ်လုပ်နေသည့် နေရာတွင် လူငယ်များအား အလုပ်လုပ်မခိုင်းပါနှင့်။<br>• <u>အားသုံး ကိရိယာများ</u><br>လူငယ်များအား မော်တာဖြင့် မောင်းနှင်သည့် လွှများ၊ လွန်များသို့ တူများသုံး၍လုပ်ကိုင်နေသည့် နေရာများတွင် အလုပ်လုပ်ခွင့်မပြုပါနှင့်။<br>• <u>တုန်ခါမှု၊ အလင်းရောင် သို့မဟုတ် ဆူညံသံအန္တရာယ်</u><br>ခဲဂဟေဆက်ခြင်း၊ ဂဟေဆက်ခြင်း၊ အားသုံးကျောက်စက် သို့မသုတ် ကော်ဖတ်စက်များ အသုံးပြုလုပ်ကိုင်နေသည့် လုပ်ငန်းခွင်နေရာများနှင့် တစ်ဦးနှင့်တစ်ဦး ကြားရအောင် အော်ဟစ်ပြောဆိုရသည့် လုပ်ငန်းခွင်နေရာများတွင် လူငယ်များအား လုံးဝ အလုပ်လုပ်ခွင့်မပြုပါနှင့်။<br>• <u>လျှပ်စစ်</u><br>ပျက်စီးနေသည့် သို့မဟုတ် ရေစိုနေသည့် လျှပ်စစ်သုံးပစ္စည်းများ သို့မဟုတ် ဝါယာကြိုးများအားတွေ့မြင်ပါက သင့်အား လာရောက်အသိပေးပြောကြားရန် လူငယ်အလုပ်သမားများအား ညွှန်ကြားထားပါ။<br>• <u>ပြုတ်ရှခြင်းနှင့် အညိုအမဲများ</u><br>လူငယ်များအနေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ပါက ဖိနပ် အမာများ၊ လက်အိပ်များ ဝတ်ဆင်အသုံးပြု လုပ်ကိုင် စေရေးအသေအချာ ဆောင်ရွက်ထားပါ။<br>• <u>ခေါင်းပေါ်သို့ တစ်ခုခုပြုတ်ကျထိမိ၍ ခဏတာ သတိမေ့သွားခြင်း</u><br>အမိုး သို့မဟုတ် အဆောက်အဦ၏ အစွန်းမှ အောက်သို့ ပစ္စည်းများပြုတ်မကျစေရန် အကာများ တပ်ဆင်ထားပါ။ |
| **ဓာတုပစ္စည်းများနှင့် အမှုန်များ** | • <u>လောင်စားခြင်း</u><br>လူငယ်များအား ကော်၊ သဘော်ဆေး သို့မဟုတ် ဖျော်ရည်များ သုံးစွဲလုပ်ကိုင်ရသည့် အလုပ်များအားလုပ်ကိုင်ခွင့်မပြုပါနှင့်။ အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများသုံးစွဲလုပ်ကိုင်နေသည့် အလုံပိတ်နေရာတွင် လူငယ်များအား အလုပ်လုပ်ခွင့် မပြုပါနှင့်။ အသက်ရှူကိရိယာသုံးစွဲလုပ်ကိုင်ရန် လိုအပ်သည့်အလုပ်ဖြစ်ပါက လူငယ်များအတွက် အန္တရာယ်ရှိပါသည်။(လူငယ်များသည် အဆိပ်အတောက်ရှိသည့် ဓာတုပစ္စည်းများကြောင့် ထိခိုက်လွယ်ပါသည်။)<br>• <u>အဆိပ်သင့်ခြင်း</u><br>လူငယ်များအားမီးခံကျောက်ဂွမ်း၊ ခဲ သို့မဟုတ် ရေနံမှထုတ်သည့် ပစ္စည်းများ အနီးတဝိုက်တွင် အလုပ်လုပ်ခွင့် မပြုပါနှင့်။<br>• <u>အဆုပ်ပျက်စီးခြင်း</u><br>လွှစာမှုန့်နှင့် အခြားအမှုန်များအား ရေစိုတံမျက်လှည်း အဝတ်သုံး၍ မှန်မှန် သန့်ရှင်းရေး လုပ်ပေးပါ။ |

| | |
|---|---|
| **အပြုအမူ သဘောထား** | • လူကြီး အလုပ်သမားများအနေဖြင့် လူငယ်အလုပ်သမားများအပေါ် ကြမ်းတမ်းသည့်အသုံးအနှုန်းများ သုံးစွဲခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမရှိစေရေး အသေအချာလုပ်ဆောင်ထားပါ။<br>• အကြမ်းဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ မတော်တရားဆောင်ရွက်သည့် ဖြစ်ရပ်များကို သည်းခံ ခွင့်လွှတ်မှုမရှိကြောင်း ပြသထားပါ။ ဖြစ်ပါက ချက်ခြင်းအရေးယူ ဆောင်ရွက်ပေးပါ။ |
| **လုပ်ငန်းခွင် အခြေအနေများ** | • ရေဓာတ်သွင်းပေးခြင်း<br>သန့်ရှင်း အေးမြသည့်ရေပေးထားပြီး ပူသည့်အခါ အလုပ်သမားများအား ရေများများသောက်ခိုင်းပါ။<br>• နေရောင်မှ ကာကွယ်ပေးခြင်း<br>နေရောင် သို့မဟုတ် အပူဒဏ်မှ သက်သာစေရန် အနားယူချိန် သတ်မှတ်ပေးပြီး နားနေစရာစီစဉ်ထားပေးပါ။<br>• အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ်<br>သူတို့၏ အလုပ်တာဝန်၊ အလုပ်ချိန်၊ လုပ်ခတို့အား ဖော်ပြပေးထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အား လူငယ်အလုပ်သမားတိုင်း အနေဖြင့် ချုပ်ဆိုထားနိုင်စေရေး အသေအချာစီစဉ်ဆောင်ရွက်ထားပါ။<br>• ဆေးကုသမှု<br>ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပစ္စည်းအစုံအလင်ပါဝင်သည့် အရေးပေါ်ရှေးဦးသူနာပြုသေတ္တာလုံး ထားရှိပေးပါ။ လူငယ်အလုပ်သမား ထိခိုက်ဒဏ်ရာရရှိပါက ပြုစုစောင့်ရှောက်ပေးရန် သွားရေးလာရေးနှင့် ရန်ပုံငွေစီစဉ်ထားရှိပေးပါ။ |

သင့်အနေဖြင့် အကူအညီရယူလိုပါက သို့မဟုတ် သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက အောက်ပါ လိပ်စာသို့ ဆက်သွယ်ပေးပါ။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

**International Labour Organization**
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour

**ILO Yangon Office**

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org - www.ilo.org/yangon